
iBFAM

www.iBFAM.org

BE FRUITFUL AND MULTIPLY



# မိတ်သဟာယကို ပြန်လည်သင့်မြတ်စေခြင်း

သင်ခန်းစာအတွဲ ၁ **တိုက်ထောင့်အမြစ်ကျောက်**

**အကြောင်းမူကား ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ကျိန်းဝပ်စေခြင်းငှါ၎င်း၊ လက်ဝါးကပ်တိုင်မှာ သွန်းသော အသွေးတော်အားဖြင့် ရန်ကိုငြိမ်းစေ၍၊ ကောင်းကင်အရာဖြစ်စေ၊ မြေကြီးအရာဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို သားတော်အားဖြင့် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့စေခြင်းငှါ၎င်း အလိုရှိတော်မူ၏။ (ကောလောသဲ ၁:၁၉-၂၀)**

# တိုက်ထောင့်အမြစ်ကျောက်

**သင်ခန်းစာအတွဲ ၁**

မာတိကာ

**သင်ခန်းစာများ** **စာမျက်နှာ**


**၁ - ၁ ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသော ဘုရားသခင်** - ၃ -

ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူ၏

**၁ - ၂ လူကို အထူးဖန်ဆင်းခြင်း** - ၄ -

ဘုရားသခင်နှင့်၎င်း၊ မိမိတို့အချင်းချင်းနှင့်၎င်း အထူးမိတ်သဟာယဖွဲ့ရန် ဖန်ဆင်းခဲ့သည်

**၁ - ၃ လိမ်လည်လှည့်ဖြားသူ 'စာတန်'** - ၅ -

သူသည် ခိုးခြင်း၊ သတ်ခြင်းနှင့် ဖျက်ဆီးခြင်းငှါလာသည်

**၁ - ၄ အာဒံနှင့်ဧဝ ဘုရားသခင်အား မနာခံခဲ့ပါ** - ၆ -

ကျွန်ုပ်တို့ ယခုကျိန်ခြင်းအမင်္ဂလာအောက်တွင် အသက်ရှိနေကြရသည်

**၁ - ၅ ရွေးကောက်ခြင်းခံရသော မိသားစု** - ၇ -

အာဗြဟံနှင့်အတူ ဘုရားသခင်၏အထူးမိတ်သဟာယဖွဲ့ခြင်း

**၁ - ၆ ဘုရားသခင်သည် အာဗြဟံအား စစ်ဆေးသည်** - ၈ -

ဘုရားသခင်အား အာဗြဟံနာခံခဲ့သည်

**၁ - ၇ သေပြီးနောက်တွင် ရှင်သန်မှုဘဝ ရှိဦးမည်** - ၉ -

သေပြီးနောက် ရှင်သန်မှုမှာ ကောင်းကင်နိုင်ငံ (သို့) ငရဲတွင် ဖြစ်လိမ့်မည်။

**၁ - ၈ ယေရှုခရစ်တော်** - ၁၀ -

အကယ်စင်စစ် ဘုရားဖြစ်တော်မူ၍ လူသားစင်စစ်လည်းဖြစ်သည်။

**၁ - ၉ လူအမျိုးမျိုးအတွက် ဘုရားသခင်၏ ပြန်လည်သင့်မြတ်ခြင်းအစီအစဉ်** - ၁၁ -

အပြစ်အတွက် အပြစ်ဒဏ်ကို ခံယူပြီး မိတ်သဟာယကိုပြန်လည်ရယူခြင်း

**၁ - ၁၀ ယေရှုသည် သေခြင်းတရားကို အောင်မြင်ခဲ့သည်** - ၁၂ -

သူ၏ရှင်ပြန်ထမြောက်ခြင်းသည် သူမည်သူဖြစ်ကြောင်း သက်သေပြခဲ့သည်

**၁ - ၁၁ ကယ်တင်ခြင်းခံရရန် ကျွန်ုပ်တို့ဘာလုပ်ဆောင်ရမလဲ** - ၁၃ -

ယုံကြည်ပါ

**၁ - ၁၂ ဘုရားသခင်၏မေတ္တာတော်အား ကျွန်ုပ်တို့မည်ကဲ့သို့တုန့်ပြန်မလဲ** - ၁၄ -

နောင်တရပါ

**၁ - ၁၃ ကျွန်ုပ်သည် ယေရှု၏မိတ်ဆွေဖြစ်သည်** - ၁၅ -

ခရစ်တော်၏မိန့်တော်မူသမျှကို နာခံခြင်းအားဖြင့် သူ၏မေတ္တာ၌ ကျွန်ုပ်တည်နေ၏။

# ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော ဘုရားသခင်

ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူ၏

သင်ခန်းစာ
၁ - ၁

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏။ နေရာတိုင်းတွင် ရှိတော်မူ၍ အနန္တတန်ခိုးရှင်ဖြစ်တော်မူ၏။ တစ်ဆူတည်းဖြစ် တော်မူသာ ဘုရားသခင်သည် မည်သည့်အရာမျှမရှိသည့်အထဲမှ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ စကြာဝဠာတစ်ခုလုံးသည် အမိန့်တော်အားဖြင့် ဖြစ်ပေါ်လာသည်။ ဘုရားသခင်သည် ဥသုံပြည့်စုံတော်မူသော ဘုရားသခင်ဖြစ်သောကြောင့် ဖန်ဆင်းတော်မူသမျှသည်လည်း ပြည့်စုံလျက်ရှိ၏။

**အဓိကကျမ်းပိုဒ် -** တန်ခိုးတော်အားဖြင့် မြေကြီးကိုဖန်ဆင်းတော်မူပြီ ပညတ်တော်အားဖြင့် လောကဓာတ်ကိုတည် တော်မူပြီး ဉာဏ်တော်အားဖြင့် မိုးကောင်းကင်ကိုကျက်တော်မူပြီ။ (ယေရမိ ၅၁:၁၅)

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

မည်သည့်အရာမျှမရှိမှီ ဘုရားသခင်သည် ရှိတော်မူ၏။ (၆)ရက်အတွင်းတွင် ကမ္ဘာမြေကြီးနှင့် မြေကြီးပေါ်မှာရှိသမျှ အရာအားလုံးကို ဖန်ဆင်းတော်မူကြောင်း ကျမ်းစာတွင် တွေ့ရှိရသည်။ အလင်း၊ နေ၊ လ၊ ကြယ်၊၂ ကောင်းကင်၊ ရေနှင့်ကုန်းမြေ တို့ကို (၅) ရက်အတွင်းတွင် ဖန်ဆင်းတော်မူ၏။ အမျိုးအလိုက်မျိုးပွားနိုင်သော ငှက်မျိုးကိုလည်းကောင်း၊ ရေသတ္တဝါများကို လည်းကောင်း။ သစ်သီဝလံများကိုလည်းကောင်း၊ ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းခြင်းလက်ရာ များကို ဘုရားသခင်ကြည့်မြင်၍ ထိုအရာတို့သည်ကောင်းသည်ကိုဟု နှုတ်မြွက်တော်မူ၏။ ကျွန်ုပ်တို့လေ့လာကြမည့် အကြောင်းအရာသည် ခြောက်ရက် မြောက်နေ့တွင် အစပြုသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၂၄ တစ်ဖန်ဘုရားသခင်က၊ မြေသည် အသက်ရှင်သော သတ္တဝါမျိုးတည်းဟူသော သားယဉ်တို့ကိုလည်းကောင်း၊ တွား တတ်သောတိရစ္ဆာန်တို့ကိုလည်းကောင်း၊ သားရဲမျိုးတို့ကိုလည်းကောင်း၊ မွေးဖွားစေဟုအမိန့်တော်ရှိသည်အတိုင်း ဖြစ် ၏။ ၂၅ ထိုသို့ ဘုရားသခင်သည် သားရဲမျိုး၊ သားယဉ်မျိုး၊ မြေပေါ်မှာ တွားတတ်သာ တိရစ္ဆာန်မျိုးအပေါင်းတို့ကို ဖန် ဆင်း၍၊ ထိုအမှုအရာကောင်းသည်ကို မြင်တော်မူ၏။ ၂၆ တစ်ဖန်ဘုရားသခင်က၊ ငါတို့ပုံသဏ္ဌာန်နှင့်တညီ တ သဏ္ဌာန်တည်း လူကို ဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုလည်းကောင်း၊ မိုးကောင်းကင်ငှက်တို့ကိုလည်း ကောင်း၊ မြေတစ်ပြင်လုံးနှင့်တကွ၊ မြေပေါ်မှာတွားတတ်သောတိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း၊ အုပ်စိုးစေဟု အမိန့်တော်ရှိ၏။ ၂၇ ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့်အညီ လူယောက်ျား၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင်၊ ၂၈ အချင်းတို့၊ များပြားစွာမွေးဖွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုလည်းကောင်း၊ မိုး ကောင်းကင်ငှက်တို့ကိုလည်းကောင်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုလည်း ကောင်း အုပ်စိုးကြလော့ဟု မိန့်တော်မူ၍၊ သူတို့ကိုကောင်းချီးပေးတော်မူ၏။ (ကမ္ဘာဦးကျမ်း။ ၁:၂၄-၂၈)

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

(ကော ၁:၁၆၊ ဗျာ ၄:၁၁၊ ဆာလံ ၃၃:၆-၉၊ ဟေရှာ ၄၀:၂၁-၂၈၊ ဟေဗြဲ ၁၁:၃ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ဤစကြာဝဠာနှင့် အရာအားလုံးတို့သည် မတော်တဆကြောင့် ဖြစ်ခဲ့ကြသည်မဟုတ်ပါ။ ဖန်ဆင်းရှင် ရှိခဲ့ပြီး ထိုသူသည် ဘုရားသခင်ဖြစ်တော်မူ၏။ ဘုရားသခင်ဖန်ဆင်းသောအရာအားလုံးတို့သည် စုံလင် လျက်ရှိ၏။

# “လူ” ကို အထူးဖန်ဆင်းခြင်း

ဘုရားသခင်နှင့်၎င်း၊ မိမိတို့အချင်းချင်းနှင့် အထူးမိတ်သဟာယဖွဲ့ရန် ဖန်ဆင်းခဲ့သည်

သင်ခန်းစာ

၁ - ၂

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ဘုရားသခင်သည် လူကိုတိရိစ္ဆာန်များနှင့် အလွန်ခြားနားစွာဖန်ဆင်းခဲ့သည်။ ဘုရားသခင်သဘောသဘာဝကို ထင်ရှား စေရန် လူတို့သည် ဖန်ဆင်းခြင်းခံခဲ့ရသည်။ ဘုရားသခင်သည် မိမိနှင့်အထူးမိတ်သဟာယဖွဲ့ဖို့ရန် လူကို ဖန်ဆင်းခဲ့ သည်။ ဘုရားသခင်သည် လူ၏အထောက်အမကိုလည်း ဖန်ဆင်းခဲ့သည်။

**အဓိကကျမ်းပိုဒ် -** အကျွန်ုပ်သည် ကြောက်မတ်ဖွယ်သော လက္ခဏာ၊ ထူးဆန်းသော လက္ခဏာတို့နှင့် ပြည့်စုံသည် ဖြစ်၍၊ ကိုယ်တော်ကို ချီးမွမ်းပါမည်။ ပြုပြင်တော်မူသော အမှုတို့သည် အံ့သြဖွယ်ဖြစ်ကြောင်းကို အကျွန်ုပ်တို့၏ စိတ် ဝိညာဉ်သည် အမှန်သိပါ၏။ (ဆာလံကျမ်း။ ၁၃၉:၁၄)

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

**မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။**

ဘုရားသခင်သည် ကောင်းကင်မြေကြီးနှင့်မြေကြီးပေါ်တွင်ရှိသမျှသောအရာအားလုံးကို ဖန်ဆင်းတော်မူ၍ ထိုအရာတို့သည် ကောင်းသည်ဟု နှုတ်မြွက်တော်မူကြောင်း ကျမ်းစာအားဖြင့် သိရှိပြီးဖြစ်သည်။

**သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -**

၇ ထိုနောက်၊ ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကို ဖန်ဆင်း၍၊ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ် တော်မူလျှင်၊ လူသည် အသက်ရှင်သော သတ္တဝါဖြစ်လေ၏။ ၁၈ ထာဝရအရှင်ဘုရားကလည်း၊ ယောကျာ်းသည် တစ်ယောက်တည်း မနေကောင်း၊ သူနှင့်တော်သော အထောက်အမကို သူ့ဖို့ငါလုပ်ဦးမည်ဟု အကြံရှိတော်မူ၏။ ထာ ဝရအရှင်ဘုရားသခင်သည် မြေတိရိစ္ဆာန်တို့နှင့်၊ မိုးကောင်းကင်ငှက်အပေါင်းတို့ကို မြေဖြင့်ဖန်းဆင်းတော်မူပြီးလျှင်၊ လူသည် အဘယ်သို့ခေါ်ဝေါ်သမုတ်မည် ကိုသိခြင်းငှါ၊ လူရှိရာသို့ဆောင်ခဲ့တော်မူ၏။ လူသည်လည်း အသက်ရှင်သော သတ္တဝါအပေါင်းတို့ကို ခေါ်ဝေါ်သမုတ်သည်အတိုင်း၊ နာမည်အသီးအသီးရှိကြ၏။ ၂၀ ထိုသို့လူသည် သားယဉ်အပေါင်းတို့ကိုလည်းကောင်း၊ မိုးကောင်းကင်ငှက်အပေါင်းတို့ကိုလည်း ကောင်း၊ သားရဲအပေါင်းတို့ကိုလည်းကောင်း၊ အမည်ပေး၍မှည့်လေ၏။ သို့သော်လည်း လူနှင့်တော်သောအထောက်အမ မပေါ်မ ရှိသေး။ ထိုအခါ ထာဝရအရှင် ဘုရားသခင်သည် လူကိုကြီးသာအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍၊ လူသည် အိပ်ပျော်စဉ်၊ နံရိုးတစ်ချောင်းကို ဘုရားသ ခင်ထုတ်ပြီးလျှင်၊ ထိုအရိုးအစားအသားကို စေ့စပ်စေတော်မူ၏။ ၂၂ ထာဝရအရှင်ဘုရားသခင်သည် လူထဲကထုတ် သောနံရိုးဖြင့် လူမိန်းမကို ဖန်ဆင်း၍ လူရှိရာသို့ဆောင်ခဲ့တော်မူ၏။ ( ကမ္ဘာဦးကျမ်း။ ၂:၇၊ ၁၈-၂၂ )

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ဆာလံ ၂၄:၁၊ ဆာလံ ၁၀၀:၃၊ ဆာလံ၊ ၁၃၉:၁၃-၁၆၊ ဖေက် ၅:၂၈-၃၁၊ ရောမ ၈:၃၈-၃၉၊ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** လူယောကျာ်းနှင့် လူမိန်းမတို့ကို ဘုရားသခင်သည် အထူးဖန်ဆင်းတော်မူခဲ့ပါသည်။ တူညီစွာ ဖန်ဆင်းခြင်းခံရသည်။ ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး မိတ်သဟာယဖွဲ့လျက် နေထိုင်ရန် ဖန်ဆင်းထားခြင်းဖြစ်သည်။ ဘုရား သခင်နှင့်လည်း မိတ်သဟာယဖွဲ့ဖို့ရန် ဖန်ဆင်းထားခြင်းဖြစ်သည်။ ဘုရားသခင်သည် လူတို့အား စကားပြောတော်မူ၍ လူတို့သည်လည်း ဘုရားစကားပြောသာအခါကြားနိုင်လေ၏။ သူတို့နှင့်အတူ မိတ်သဟာယဖွဲ့ခြင်း၌ ဘုရားသခင်တည်ရှိတော်မူ သောကြောင့် လူတို့သည် တစ်စုံတစ်ခုသောအမှုကို လုပ်ဆောင်ဖို့ရန် စေခိုင်းခြင်းခံရ သည်။

# လိမ်လည်လှည့်ဖြားသူ ‘စာတန်’

သူသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှာလာသည်

သင်ခန်းစာ

၁ - ၃

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

မကောင်းဆိုးဝါးဟူသည် အမှန်ပင်ရှိသည်။ စာတန်သည် မကောင်းဆိုးဝါးပင်ဖြစ်သည်။ စာတန်သည် ဘုရားသခင်ကို မုန်းတီး၍ ဘုရားသခင်၏ စုံလင်သော လက်ရာဖြစ်သည့် လူတို့ကိုလည်း မုန်းသည်။ စာတန်သည် လူကိုမုန်းသော ကြောင့် ဘုရားနှင့် လူကြားတွင်ရှိသော အထူးမိတ်သဟာယဖွဲ့ခြင်းကို ဖျက်ဆီးဖို့ရန် မြွေယောင်ဆောင်လျက် ဤကမ္ဘာမြေသို့လာခဲ့သည်။

**အဓိကကျမ်းပိုဒ် -** သူခိုးသည် ခိုးခြင်း၊ သတ်ခြင်း၊ ဖျက်ဆီးခြင်းငှာသာ လာတတ်၏။ ငါမူကား၊ သိုးတို့သည် အသက် လွတ်ရုံမျှမက အထူးသဖြင့် အသက်နှင့် ပြည့်စုံစေခြင်းငှာ လာသတည်း။ ( ရှင်ယောဟန်ခရစ်ဝင်။ ၁၀:၁၀ )

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

လှပသည့် ဥယျာဉ်ထဲတွင် လူလင်မယားတို့အား နေစေ၏။ အပင်တစ်ပင်မှ တစ်ပါး ဥယျာဉ်ထဲတွင်ရှိသော အပင်အား လုံးကို စားနိုင်ကြောင်း ဘုရားသခင်သည် လူအားပြော၏။ ဘုရားသခင်မိန့်တော်မူသည်ကား “ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတစ်ပါး ထိုဥယျာဉ်၌ရှိသမျှသော အပင်တို့၏အသီးကို သင်သည်စားရသောအခွင့်ရှိ၏။ ထိုအပင်၏ အသီးကိုကား စားသောနေ့တွင် ကေန်အမှန်သေရမည်ဟု မိန့်တော်မူ၏။ တစ်နေ့တွင် စာတန်သည် မြွေယောင်ဆောင် လျက် ဧဝအား လာရောက်လိမ်လည်လှည့်ဖြားလေ၏။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁ မြွေသည် ထာဝရအရှင်ဘုရားသခင်ဖန်ဆင်းတော်မူသော မြေတိရိစ္ဆာန်တကာတို့ထက် လိမ္မာသည်ဖြစ်၍ မိန်းမအား သင်တို့သည် ဥယျာဉ်၌ရှိသော အပင်တို့၏အသီးကိုမစားရဟု ကေန်စင်စစ် ဘုရားသခင်မိန့်တော်မူသလောဟု မေး၏။ ၂ မိန်းမကလည်း၊ ငါတို့သည် ဥယျာဉ်၌ရှိသောအပင်တို့၏ အသီးကိုစားရသောအခွင့်ရှိ၏။ ၃ ဥယျာဉ်အလယ်၌ရှိသော အပင်၏အသီးကိုကား၊ သင်တို့သည် မကိုင်မစားဘဲနေကြလော့။ သို့မဟုတ် သေမည်ဟု ဘုရားသခင် အမိန့်တော်ရှိ သည်ဟု မြွေအားဆို၏။ ၄ မြွေကလည်း၊ သင်တို့သည် ကေန်အမှန်သေရမည်မဟုတ်။ ၅ အကြောင်းမူကား၊ ထိုအသီး ကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကိုသိ၍ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတ္တံ့သည်ကို၊ ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။ ၆ ထိုအပင်သည် စားဖွယ်ကောင်းခြင်း၊ အဆင်းလည်းလှခြင်း၊ ပညာတိုးပွားစေလိုသောငှာ၊ နှစ်သက်ဖွယ်သောအပင်ဖြစ်ခြင်းကို မိန်းမသည် မြင်လျှင်၊ အသီးကိုယူ၍စား၏။ မိမိခင် ပွန်းအားလည်းပေး၍ သူသည်လည်းစား၏။ ၁၃ ထာဝရအရှင်ဘုရားသခင်ကလည်း၊ သင်သည် အဘယ်သို့ပြုပြီးသနည်းဟုမိန်းမအားမေးတော်မူလျှင်၊ မိန်းမက မြွေသည် ကျွန်တော်မကို လှည့်စား၍၊ ကျွန်တော်မူသည် စားမိပါပြီဟု လျှောက်လေ၏။ ၁၄ ထာဝရအရှင်ဘုရားသခင်သည် မြွေကိုခေါ်၍ သင်သည် ဤအမှုကို ပြုသောကြောင့်၊ သားယဉ်သားရဲအပေါင်းတို့ထက် ကျိန်ခြင်းကိုခံရ၏။ သင်သည် ဝမ်းဖြင့်သွား၍ မြေမှုန့်ကို တစ်သက်လုံးစားရမည်။ ၁၅ သင်နှင့် မိန်းမကိုလည်းကောင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုလည်းကောင်း ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။ (ကမ္ဘာဦးကျမ်း ၃၁-၆၊ ၁၃-၁၅ )

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( မာကု ၁:၉-၁၃၊ ၂သက် ၂:၈-၁၀၊ ဗျာဒိတ် ၁၂:၉-၁၊ ၁ပေ ၅:၈ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** စာတန်၏ဆိုးညစ်သော ဆန္ဒသည် လူကို ဘုရားသခင်၏ အကြံအစည်တော်ကို ဆန့်ကျင် တိုက်ခိုက်ရာသို့ ဦးတည်စေခဲ့သည်။ စာတန်၏လှုပ်ရှားမှုသည် ဤကမ္ဘာပေါ်တွင် ဧဝကိုလှည့်စားခြင်းဖြင့် အစပြုခဲ့သည်။ ဧဝသည် ဘုရားသခင်အား မနာခံဖို့ရန် စာတန် လှည့်ဖြားခဲ့သည်။ စာတန်သည် ဘုရားသခင်နှင့် လူအကြား၌ရှိသော အထူးဆက်ဆံရေးကို စက်ဆုပ်မုန်းတီးသည်။

# အာဒံနှင့်ဧဝ ဘုရားသခင်အား မနာခံခဲ့ပါ

ကျွန်ုပ်တို့ ယခုကျိန်ခြင်းအမင်္ဂလာအောက်တွင်အသက်ရှင်နေကြရသည်

သင်ခန်းစာ
၁ - ၄

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ဘုရားသခင်အား မနာခံသည့်အသက်တာသို့ စာတန်သည် ဧဝအားလာရောက်လှည့်စားခဲ့သည်။ ဘုရားသခင်အား မနာခံခြင်းသည် အပြစ်ပင်ဖြစ်သည်။ အပြစ်အတွက်ပြစ်ဒဏ်ပေးသည့်သူသည် ဘုရားသခင်ဖြစ်သည်။ အာဒံနှင့်ဧဝ အပြစ်လုပ်ခြင်း၏အကျိုးဆက်သည် ဘုရားသခင်နှင့် ၎င်းတို၏မိတ်သဟာယပျက်စီးခြင်းဖြစ်သည်။ အပြစ်၏အကျိုးဆက်သည် နာကျင်ခြင်း၊ ဒုက္ခဆင်းရဲခြင်းနှင့် သေခြင်းတရားတို့ဖြစ်သည်။

**အဓိကကျမ်းပိုဒ် -** ဤအကြောင်းအရာဟူမူကား၊ အပြစ်တရားသည် တစ်ယောက်သောသူအားဖြင့် ဤလောကသို့ ဝင်၍၊ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြ၏။ ( ရောမဩဝါဒစာ ၅:၁၂ )

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္တုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ဘုရားသခင်ဖန်ဆင်းတော်မူသော ပထမဆုံးလူယောကျ်ားနှင့်လူမိန်းမတို့၏အမည်မှာ အာဒံနှင့်ဧဝ ဖြစ်သည်။ ဤအ ဖြစ်အပျက်ပါ သစ်ပင်၏အမည်မှာ ကောင်းမကောင်းသိကျွမ်းရာအပင်ဖြစ်သည်။ ဘုရားသခင်သည် ထိုအပင်မှလွဲ၍ ကျန်အပင်များ၏ အသီးများ ကို စားနိုင်ကြောင်းမိန့်တော်မူ၏။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၆ ထိုအပင်သည် စားဖွယ်ကောင်းခြင်း၊ အဆင်းလည်းလှခြင်း၊ ပညာတိုးပွားစေလိုသောငှာ၊ နှစ်သက်ဖွယ်သောအပင် ဖြစ်ခြင်းကို
မိန်းမသည်မြင်လျှင်၊ အသီးကို ယူ၍စား၏။ မိမိခင်ပွန်းအားလည်းပေး၍ သူသည်လည်းစား၏။ ၇ ထိုသူနှစ် ယောက်တို့သည်
မျက်စိပွင့်လင်း၍၊ မိမိတို့၌ အဝတ်အချည်းစည်းရှိသည်ကို သိမြင်လျှင်၊ မိမိတို့ဝတ်ရန်ဖို့ သင်္ဘော သဖန်းပင်အရွက်တို့ကို ချုပ်စပ်၍
ခါးစည်းကိုလုပ်ကြ၏။ ၈ နေသေသောအချိန်တွင်၊ ထိုဥယျာဉ်၌ ထာဝရအရှင်ဘုရား သခင် ကြွတော်မူသောအသံကို လူလင်မယားတို့
သည်ကြားလျှင်၊ အထံတော်မှလွတ်ခြင်းငှာ၊ ဥယျာဉ်အပင်တို့တွင် ပုန်းကွယ်လျက်နေကြ၏။ ၉ ထာဝရအရှင်ဘုရားသခင်က
လည်း၊ သင်သည် အဘယ်မှာရှိသနည်းဟု၊ လူကိုခေါ်တော်မူ ၏။ ၁၀ လူကလည်း၊ ဥယျာဉ်၌ ကိုယ်တော်၏အသံကို ကျွန်တော်
ကြားလျှင်၊ အဝတ်အချည်းစည်းရှိသောကြောင့်၊ ကြောက်၍ ပုန်းလျက်နေပါသည်ဟု လျှောက်လေ၏။ ၁၁ ဘုရားသခင်ကလည်း၊
သင်၌ အဝတ်အချည်းစည်းရှိသည်ကို သင်အားအဘယ်သူပြောသနည်း။ မစားရဟု ငါပညတ်သော အပင်၏အသီးကိုစား
ပြီလောဟု မေးတော်မူ၏။ ၁၂ လူကလည်း ကျွန်တော်၌အပ်ပေးတော်မူသော မိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်
စားမိပါသည်ဟု လျှောက်လေ၏။ ၁၃ ထာဝရအရှင်ဘုရားသခင်ကလည်း၊ သင်သည် အဘယ်သို့ပြုပြီးသနည်းဟု မိန်းမအား
မေးတော်မူလျှင်၊ မိန်းမက မြွေသည် ကျွန်တော်မကိုလှည့်စား၍၊ ကျွန်တော်မသည် စားမိပါပြီဟု လျှောက်လေ၏။ ၁၆
မိန်းမကိုလည်း၊ သင်၌ကိုယ်ဝန်ဆောင်ခြင်းဝေဒနာကို ငါအလွန်များပြားစေမည်။ ပင်ပန်းစွာဝေဒနာကိုခံ၍ သားဖွားရမည်။
ကိုယ်ခင် ပွန်း၏အလိုသို့လိုက်၍၊ သူ၏အုပ်စိုးခြင်းကိုလည်းခံရမည်ဟု မိန့်တော်မူ၏။ ၁၇ ယောကျ်ားကိုလည်း၊ ထိုအပင်၏ အ
သီးကိုမစားရဟု ငါပညတ်သော်လည်း၊ သင်သည်မယား၏စကားကိုနားထောင်၍ စားမိသောကြောင့်၊ မြေသည် သင်
၏အတွက်ကျိန်ခြင်းကို ခံလျက်ရှိ၏။ မြေ၏အသီးကို တစ်သက်ပတ်လုံး ပင်ပန်းစွာ စားရမည်။ ၁၈ ဆူးပင်အမျိုးမျိုးတို့ ကိုလည်း
သင်အဖို့ မြေပေါက်စေမည်။ လယ်၌ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။ ၁၉ သင်ထွက်ရာမြေ
သို့မပြန်မီတိုင်အောင်၊ သင်၏မျက်နှာမှချွေးထွက်လျက် အစာကိုစားရမည်။ အကြောင်းမူကား၊ သင်သည် မြေမှုန့်ဖြစ် ၍ မြေမှုန့်သို့
ပြန်ရမည်ဟု မိန့်တော်မူ၏။ ( ကမ္ဘာဦးကျမ်း ၃:၆-၁၃၊ ၁၆-၁၉ )

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ယာကုပ် ၁:၁၃-၁၅၊ ဟေရှာ ၅၉:၂၊ ရောမ ၃:၂၃၊ ရောမ ၆:၂၃၊ ၁ယော ၃:၅ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** လူယောကျ်ားနှင့် လူမိန်းမတို့ကို ဘုရားသခင်သည် အထူးဖန်ဆင်းတော်မူခဲ့ပါသည်။ တူညီစွာ ဖန်ဆင်းခြင်းခံရသည်။ ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး မိတ်သဟာယဖွဲ့လျက် နေထိုင်ရန် ဖန်ဆင်းထားခြင်း ဖြစ်သည်။ ဘုရားသခင်နှင့်လည်း မိတ်သဟာယဖွဲ့ဖို့ရန် ဖန်ဆင်းထားခြင်း ဖြစ်သည်။ ဘုရားသခင်သည် လူတို့အား စကားပြောတော်မူ၍ လူတို့သည်လည်း ဘုရားစကားပြောသာအခါကြားနိုင်လေ၏။ သူတို့နှင့်အတူ မိတ်သဟာယဖွဲ့ခြင်း၌ ဘုရားသခင်တည်ရှိတော်မူသောကြောင့် လူတို့သည် တစ်စုံတစ်ခုသောအမှုကို လုပ်ဆောင်ဖို့ရန် စေခိုင်းခြင်းခံရ သည်။

# ရွေးကောက်ခြင်းခံရသော မိသားစု

အာဗြဟံနှင့်အတူ ဘုရားသခင်၏အထူးမိတ်သဟာယဖွဲ့ခြင်း

သင်ခန်းစာ

၁ - ၅

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

အာဒနှင့်ဧဝ၏ အပြစ်အကျိုးဆက်သည် လူသားအားလုံးတို့အပေါ်သို့သက်ရောက်ခဲ့သည်။ ဘုရားသခင်သည် လူသား တို့အား မိမိနှင့်ပြန်လည်မိတ်သဟာယဖွဲ့ဖို့ရန် အစီအစဉ်တစ်ခုပြုလုပ်ခဲ့သည်။ အာဗြဟံဟူသော လူတစ်ယောက်ကို ဘုရားသခင်သည် ဂတိတော်ပေးခဲ့သည်။ ထိုဂတိတော်မှာ အာဗြဟံ၏မိသားစုအားဖြင့် လူမျိုးအပေါင်းတို့သည် ဘုရား သခင်နှင့်ပြန်လည် သင့်မြတ်ခြင်းရရှိမည်ဖြစ်သည်။

**အဓိကကျမ်းပိုဒ် -** ထာဝရဘုရားသည်လည်း အာဗြဟံကိုခေါ်တော်မူ၍ သင်၏ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဘော်များ ထဲကထွက်ပြီးလျှင် ငါပြလတံ့သောပြည်သို့သွားလော့။ငါသည်သင့်ကိုလူမျိုးကြီးဖြစ်စေမည်။ ငါကောင်းကြီးပေး၍သင်၏နာမကို ကြီးမြတ်စေမည်။ သူသည်ကောင်းကြီးခံရသောသူဖြစ်လိမ့်မည်။ သင့်ကိုကောင်းကြီးပေးသောသူကို ငါကောင်းကြီးပေးမည်။ သင့်ကို ကျိန်ဆဲသောသူကိုငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံကြရလိမ့်မည်ဟု မိန့် တော်မူ၏။ (ကမ္ဘာဦးကျမ်း ၁၂:၁-၃)

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

အာဗြဟံသည် မိမိအားဘုရားသခင်စကားပြောသောအခါ နာခံခဲ့သည်။ ဘုရားသခင်သည် လူအမျိုးမျိုး ကောင်းကြီးခံစားဘို့ရန်နှင့် စာတန်အား ချေမှုန်းသောမိသားစုဖြစ်ဖို့ရာ အာဗြဟံ၏မိသားစုကိုရွေးကောက်ခဲ့သည်။ ဘုရားသခင်သည် မိမိအား သားပေးမည် ဟူသောစကားကို အာဗြဟံ သည် မယုံကြည်ခဲ့သောကြောင့် ဘုရားသခင်၏နည်းလမ်းမဟုတ်သော မိမိနည်းဖြင့် သားရရန်ပြုလုပ် ခဲ့သည်. မိမိဇနီးသည်နှင့် ကလေးမရ သောကြောင့် ဇနီးသည်၊ကျွန်မဖြစ်သူနှင့် ကလေးတစ်ဦးရခဲ့သည်။ ကလေး၏အမည်မှာ ဣရှမေလဖြစ်သည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁ ထိုနောက်၊ အာဗြံသည် အသက်ကိုးဆယ်ကိုးနှစ်ရှိသောအခါ၊ ထာဝရဘုရားသည် အာဗြံအားထင်ရှားတော်မူ၍၊ ငါသည် အနန္တတန်ခိုးရှင်ဘုရား သခင်ဖြစ်၏။ ငါ့ရှေ့မှာသွားလာ၍ စုံလင်ခြင်းရှိလော့။ ၂ ငါ၏ပဋိညာဉ်ကို သင်နှင့် ငါပြုမည်။ သင့်ကိုငါအလွန်များပြားစေမည်ဟု မိန့်တော်မူ၏။ ၃ အာဗြံသည်လည်းပျပ်ဝပ်လျှင်၊ ဘုရားသခင်က၊ ၄ ငါပြုသောပဋိညာဉ်သည် သင်၌ရှိ၏။ သင်သည်လူမျိုးအများတို့၏အဘဖြစ်လိမ့်မည်။ ၅ နောက်တစ်ဖန်သင်၏အမည်ကို အာဗြံဟုမခေါ်ရ။ သင်၏အမည်ကို အာဗြဟံဟု ခေါ်ရ၏။ အကြောင်းမူကား၊ ငါသည်သင့်ကို များစွာသောလူ အမျိုးတို့၏အဘအရာ၌ခန့်ထားပြီ။ ၆ ငါသည် သင့်ကိုအလွန်ပွားများစေမည်။ သင်အားဖြင့် လူအမျိုးမျိုးတို့ကို ဖြစ်စေမည်။ သင်၏အမျိုးအနွယ် ၌လည်း ရှင်ဘုရင်ဖြစ်ရကြလိမ့်မည်။ ၇ ငါသည်သင်၏ဘုရား၊ သင့်နောက်၌ သင့်အမျိုးအနွယ်၏ဘုရားဖြစ်မည်ဟု၊ သင်နှင့် သင်၏အမျိုးအနွယ် အစဉ်အဆက်တို့၌၊ ငါ့ပဋိညာဉ်ကို ထာဝရပဋိညာဉ်ဖြစ်စေမည်။ တစ်ဖန်ဘုရားသခင်က၊ သင်၏မယားစာရဲကိုမူကား၊ စာရဲဟူသော အမည်ဖြင့်မ ခေါ်ရ၊ စာရာဟူသောအမည်ဖြင့် ခေါ်ရ၏။ ၁၆ သူ့ကိုငါကောင်းချီးပေး၍၊ သူ့အားဖြင့်လည်း သင်အားသားကိုပေးမည်။ အကယ်စင်စစ်သူ့ကို ကောင်းချီးပေး၍၊ သူသည် လူအမျိုးမျိုးဖြစ်လိမ့်မည်။ သူ၏အမျိုးအနွယ်၌လည်း၊ အပြည်ပြည်သောရှင်ဘုရင်ဖြစ်ကြလိမ့်မည်ဟု၊ အာဗြဟံအား မိန့်တော်မူ၏။ ၁၇ ထိုအခါ အာဗြဟံသည် ပျပ်ဝပ်လျက်၊ အသက်တစ်ရာရှိသောသူသည် သားကိုရလိမ့်မည်လော။ အသက်ကိုးဆယ်ရှိသော စာ ရာသည်သားကိုဖွားလိမ့်မည်လောဟု ရယ်လျက်၊ စိတ်နှလုံးထဲမှာအောက်မေ့ပြီးလျှင်၊ ၁၈ ဣရှမေလသည် ရှေ့တော်၌အသက်ရှင်ပါစေသောဟု၊ ဘုရားသခင်ကို လျှောက်သောအခါ၊ ၁၉ ဘုရားသခင်က၊ သင်၏မယားစာရာသည် သင်အားသားကိုဖွားလိမ့်မည်။ ထိုသားကိုလည်း ဣဇာက် အမည်ဖြင့်မှည့်ရမည်။ သူ၌လည်းကောင်း၊ သူ့နောက်မှ သူ၏အမျိုးအနွယ်၌လည်းကောင်း ငါ၏ပဋိညာဉ်ကို ထာဝရပဋိညာဉ်ဖြစ်စေမည်။
( ကမ္ဘာဦးကျမ်း ၁၇:၁-၇၊ ၁၅-၁၉ )

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ကမ္ဘာ ၁၅:၁-၆၊ ဟေဗြဲ ၁၁:၈-၁၂၊ ဂလာတိ ၃:၁၆-၁၈၊ ဟေရှာ ၅၁:၁-၂၊ ယာကုပ် ၂:၂၃)

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ဘုရားသခင်၏အကြံအစည်သည် လူများနှင့် ပြန်လည်သင့်မြတ်ဖို့ရန် အာဗြဟံနှင့်အစပြုခဲ့သည်။ ဘုရားသခင် သည် အာဗြဟံ၏အမျိုးအနွယ်အားဖြင့် လူမျိုးမျိုးကောင်းကြီးခံစားရမည်ဟု ကတိပေးခဲ့သည်။ ဘုရားသခင်သည် အာဗြဟံ၏ အမျိုးအနွယ်အား ဖြင့် အပြစ်သားတို့သည် တစ်နေ့တွင် ရွေးချယ်ခြင်းခံရမည်ဟု ကတိပေးခဲ့သည်။

# ဘုရားသခင်သည် အာဗြဟံအား စစ်ဆေးသည်

ဘုရားသခင်အား အာဗြဟံနာခံခဲ့သည်

သင်ခန်းစာ
၁ - ၆

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ဘုရားသခင်သည် အာဗြဟံအားပြုတော်မူသောဂတိတော်အားလုံးတို့သည် ဣဇာက်အသက်ရှင်ခြင်းအပေါ်တွင် မူတည်ပါသည်။ ဘုရားသခင်၏ စစ်ဆေးခြင်းကို အာဗြဟံခံခဲ့ရသည်။ ဘုရားသခင်၏မိန့်တော်မူချက်ကို အာဗြဟံနာခံခဲ့သည်။ ဘုရားသခင်သည် မလိမ်ညာကြောင်း အာဗြဟံယုံကြည်စိတ်ချခဲ့သည်။

**အဓိကကျမ်းပိုဒ် -** အာဗြဟံသည် စုံစမ်းတော်မူခြင်းကို ခံရသောအခါ၊ ယုံကြည်ခြင်းအားဖြင့် ဣဇာက်ကိုပူဇော်၏။ ဣဇာက်၌သာ သင်၏အမျိုးတည်လိမ့်မည်ဟူသော ဗျာဒိတ်တော်မှစ၍ ကတိတော်များကို ခံရသောသူသည်၊ မိမိ၌ တစ်ယောက်တည်းသော ထိုသားကို ပူဇော်၏။ ထိုသို့ပူဇော်သောအခါ သေခြင်းမှ ထမြောက်စေခြင်းငှာ၊ ဘုရားသခင်တတ်နိုင်တော်မူသည်ကို သူသည် အောက်မေ့၏။ ထိုသားကို ပုံစကားအားဖြင့် သေခြင်းထဲကရ၏။ (ဟေဗြဲ ၁၁:၁၇-၁၉)

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

လွန်ခဲ့သောအချိန်များတွင် အပြစ်အတွက်အဖိုးအခအဖြစ် သွေးအားဖြင့် ယဇ်ပူဇော်ခြင်းကို ဘုရားသခင်သည် အပြုလုပ်စေခဲ့သည် ယဇ်ပူဇော်ခြင်းသည် သန့်ရှင်းခြင်းအတွက် ဘာသာရေးဆိုင်ရာအပြုအမူတစ်ခုဖြစ်ခဲ့သည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၂ သင်သည် အလွန်ချစ်သောတစ်ယောက်တည်းသော သားဣဇာက်ကိုယူ၍၊ မောရိပြည်သို့သွားလော့။ ငါပြလတ္တံ့သောတောင်ပေါ်မှာ၊ သူ့ကိုမီးရှို့ရာယဇ်ပြု၍ ပူဇော်လော့ဟု မိန့်တော်မူ၏။ ၃ အာဗြဟံသည် နံနက်စောစောထ၍၊ မြည်းကိုကုန်းနှီးတင်ပြီးလျှင်၊ မိမိသားဣဇာက်နှင့် ငယ်သားနှစ်ယောက်ကိုခေါ်၍၊ ယဇ်ရှို့စရာထင်းကိုခွဲပြီးမှ၊ ဘုရားသခင်မိန့်တော်မူသောအရပ်သို့ ထသွားလေ၏။ ၄ သုံးရက်မြောက်သောနေ့၌ မျှော်ကြည့်၍၊ ထိုအရပ်ကိုအဝေးကမြင်လျှင်၊ ၅ ငယ်သားနှစ်ယောက်တို့အား၊ သင်တို့သည် ဤအရပ်၌မြည်းနှင့်အတူနေရစ်ကြလော့။ ငါသည်သားနှင့်အတူ ထိုအရပ်သို့သွား၍၊ ကိုးကွယ်ခြင်းကိုပြုအံ့။ ထိုအမှုပြီးမှ၊ သင်တို့ဆီသို့ပြန်လာဦးမည်ဟု ဆိုလေ၏။ ၆ ထိုအခါ ယဇ်ရှို့စရာထင်းကိုယူ၍၊ သားဣဇာက်အပေါ်မှာတင်ပြီးလျှင်၊ မီးနှင့်ဓားကို မိမိလက်၌ကိုင်လျက်၊ နှစ်ယောက်အတူသွားကြ၏။ ၇ သွားကြစဉ်တွင်၊ ဣဇာက်သည် အဘအာဗြဟံကို အဘဟု ခေါ်လျှင်၊ ငါ့သား၊ ငါရှိ၏ဟု ထူးလေ၏။ ဣဇာက်ကလည်း မီးပါ၏၊ ထင်းလည်းပါ၏။ ယဇ်ရှို့စရာဖို့ သိုးသငယ်သည် အဘယ်မှာရှိသနည်းဟုမေးလျှင်၊ ၈ အာဗြဟံက ငါ့သား၊ ယဇ်ရှို့စရာဖို့ သိုးသငယ်ကို ဘုရားသခင်သည် မိမိအဖို့ပြင်ဆင်တော်မူလိမ့်မည်ဟု ဆိုလေ၏။ ၉ ထိုသို့ နှစ်ယောက်အတူသွား၍၊ ဘုရားသခင်မိန့်တော်မူသောအရပ်သို့ ရောက်ကြသောအခါ၊ အာဗြဟံသည် ယဇ်ပလ္လင်ကိုတည်၍ ထင်းကိုခင်းပြီးလျှင်၊ သားဣဇာက်ကိုချည်နှောင်၍၊ ယဇ်ပလ္လင်၌ ထင်းပေါ်မှာတင်ထား၏။ ၁၀ မိမိလက်ကိုဆန့်၍၊ သားကိုသတ်ခြင်းငှာ၊ ဓားကိုကိုင်ယူလေ၏။ ၁၁ ထိုအခါ ထာဝရဘုရား၏ကောင်းကင်တမန်က၊ အာဗြဟံ၊ အာဗြဟံဟု ကောင်းကင်ပေါ်ကခေါ်လေ၏။ အာဗြဟံက၊ အကျွန်ုပ်ရှိပါ၏ဟု လျှောက်လျှင်၊ ၁၂ ထိုလုလင်ကို မထိမခိုက်နှင့်။ အလျှင်းမပြုနှင့်။ သင်သည် ဘုရားသခင်ကို ကြောက်ရွံ့သည်ဟု ယခုငါသိ၏၊ အကြောင်းမူကား၊ သင်၏သား၊ သင်၌တစ်ယောက်တည်းသောသားကို ငါတောင်း၍၊ သင်သည်ငါ့ကိုမငြင်းဟု မိန့်တော်မူ၏။ ၁၃ ထိုအခါ အာဗြဟံသည် မျှော်ကြည့်၍၊ မိမိနောက်မှ ချုံပုတ်၌ ချိုညှိလျက်ရှိသောသိုးကိုမြင်လေ၏။ ထိုသိုးကိုသွား၍ယူပြီးလျှင်၊ မိမိသားကိုယ်စားမီးရှို့ရာယဇ်ပြု၍ ပူဇော်လေ၏။ (ကမ္ဘာဦးကျမ်း။ ၂၂:၂-၁၃)

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ရောမ ၄:၁-၂၄၊ ယာကုပ် ၂:၂၁-၂၂၊ ကမ္ဘာဦး ၂၂:၁၅-၁၉)

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်ကြောင်း ဣဇာက်ကိုပူဇော်ခြင်းအားဖြင့် သက်သေပြခဲ့သည်။ ဘုရားသခင်ကိုနာခံခဲ့သည်။ ဘုရားသခင်သည် အာဗြဟံကို စစ်ဆေးသောအခါ ဘုရားသခင်ကို ကိုးစား၍နာခံခဲ့သည်။ အာဗြဟံ၏ ဖြစ်ရပ်ပြီးနောက် နှစ်ပေါင်းများစွာတွင် လူအမျိုးမျိုးတို့၏ အပြစ်ကြွေးအားလုံးအတွက် ပြည့်စုံသောယဇ်ကို တစ်ကြိမ်တည်းပူဇော်ခြင်းအားဖြင့် လုပ်ဆောင်ပေးခဲ့သည်။

# သေပြီးနောက်တွင် ရှင်သန်မှုဘဝ ရှိဦးမည်

သေပြီးနောက် ရှင်သန်မှုမှာ ကောင်းကင်နိုင်ငံ (သို့) ငရဲ တွင် ဖြစ်လိမ့်မည်

သင်ခန်းစာ
၁ - ၇

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

နောင်တမလွန်ဘဝအကြောင်း ကျမ်းစာတော်မြတ်က ကျွန်ုပ်တို့အားသွန်သင်သည်။ သေပြီးနောက်လူခပ်သိမ်းတို့သည် ကောင်းကင် (သို့) ငရဲသို့သွားကြရမည် ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်သည် ဘုရားသခင် ကိုယ်တော်တိုင်ရှိပြီး ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူနေသောကြောင့် ဝမ်းမြောက်ခြင်းနှင့် ပြည့်နေမည်ဖြစ်သည်။ ငရဲမူကား ထာဝရအပြစ်အတွက် ဒဏ်ခံရမည့်နေရာဖြစ်ပြီး ထိုနေရာရှိလူများတို့သည် ဘုရားသခင်နှင့် ထာဝရဝေးကွာနေရမည်ဖြစ်သည်။ ဘုရားသခင်သည် လူသားတိုင်းကို တရားစီရင်မည်ဖြစ်သည်။

**အဓိကကျမ်းပိုဒ် -** အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။ (ရောမဩဝါဒစာ။ ၆:၂၃)

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ကျမ်းစားသည် ပုံဥပမာများအားဖြင့် သွန်သင်ပေးသည်။ ဥပမာများသည် ပုံပြင်များဖြစ်၍ နက်နဲသောအဓိပ္ပါယ်များရှိသည်။ ဤဥပမာတွင် လူသားဆိုသည်မှဥိ ဘုရားသခင်ကို ရည်ညွှန်းပါသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၂၄ အခြားသော ဥပမာစကားကို မိန့်မြွက်တော်မူသည်ကား၊ ကောင်းကင်နိုင်ငံတော်သည် ကောင်းသောမျိုးစေ့ကို လယ်၌ကြဲသောသူနှင့်တူ၏ ၂၅ လူတို့သည် အိပ်ပျော်သောအခါ သူ၏ရန်သူသည်လာ၍ ကောင်းသောစပါးနှင့်လက္ခဏာတူသော တောမျိုးစေ့ကို စပါးအထဲ၌ ကြဲ၍သွားလေ၏။ ၂၆ အပင်ပေါက်၍ အသီးအနှံထွက်သောအခါ၊ တောပင်များလည်း ထင်ရှားလျှင်၊ ၂၇ ကျွန်တို့သည် အိမ်ရှင်ထံသို့သွား၍ သခင်၊ ကောင်းသောမျိုးစေ့ကို လယ်၌ကြဲတော်မူသည် မဟုတ်လော။ တောပင်တို့သည် အဘယ်ကဖြစ်သနည်းဟု လျှောက်ကြလျှင်၊ ၂၈ အိမ်ရှင်က ဤအမှုကား ရန်သူပြုသောအမှုတည်းဟု ဆို၏။ အကျွန်ုပ်တို့သည် သွား၍ တောပင်တို့ကို ရွေးနုတ်စေခြင်းငှာ အလိုတော်ရှိသလောဟု လျှောက်ကြလျှင်၊ ၂၉ အိမ်ရှင်က ထိုသို့ ငါအလိုမရှိ။ တောပင်တို့ကို ရွေးနုတ်လျှင် စပါးပင်တို့ကိုရောနှော၍ နုတ်မိမည် စိုးရိမ်စရာအကြောင်းရှိ၏။ ၃၀ စပါးရိတ်သည် ကာလတိုင်အောင် အပင်နှစ်မျိုးတို့သည် အတူကြီးပွားပါလေစေ။ စပါးရိတ်သည်ကာလရောက်လျှင်၊ တောပင်တို့ကို ရှေ့ဦးစွာ ရွေးနုတ်၍ မီးရှို့ခြင်းငှာ စည်းနှောင်ကြလော့။ စပါးကိုကား ကျီ၌စုသိမ်းသွင်းထားကြလော့ဟု ရိတ်သောသူတို့အား ငါစီရင်မည်ဟု အိမ်ရှင်ဆိုသည်ဟု မိန့်တော်မူ၏။ ၃၇ ကိုယ်တော်က၊ ကောင်းသောမျိုးစေ့ကိုကြဲသောသူသည် လူသားဖြစ်၏။ ၃၈ လယ်ကား ဤလောကဖြစ်၏။ ကောင်းသော အစေ့ကား နိုင်ငံတော်သားဖြစ်၏။ တောမျိုးစေ့ကား နတ်ဆိုးသားဖြစ်၏။ ၃၉ တောမျိုးစေ့ကို ကြဲသော ရန်သူကား မာရ်နတ်ဖြစ်၏။ စပါးရိတ်သောကာလကား ဤကမ္ဘာကုန်သောကာလဖြစ်၏။ စပါးရိတ်သောသူကား ကောင်းကင်တမန်ဖြစ်၏။ ၄၀ တောပင်တို့ကို ရွေးနုတ်၍ မီးရှို့သကဲ့သို့ ဤကမ္ဘာအဆုံး၌ဖြစ်လတ္တံ့။ ၄၁ လူသားသည် မိမိကောင်းကင်တမန်တို့ကို စေလွှတ်ပြီးလျှင်၊ မှားယွင်းစေသောသူတို့နှင့် မတရားသော အမှုကိုပြုသောသူရှိသမျှတို့ကို နိုင်ငံတော်ထဲက ရွေးနုတ်၍၊ ၄၂ ငိုကြွေးခြင်း၊ အံသွားခဲကြိတ်ခြင်းရှိရာ မီးဖို၌ချကြလတ္တံ့။ ၄၃ ထိုအခါ ဖြောင့်မတ်သောသူတို့သည် နေထွန်းလင်းသကဲ့သို့ မိမိတို့အဘ၏ နိုင်ငံတော်၌ ထွန်းလင်းကြလတ္တံ့။ ကြားစရာနားရှိသောသူ မည်သည်ကား ကြားပါစေ။
(ရှင်မဿဲခရစ်ဝင်။ ၁၃:၂၄-၃၀၊ ၃၇-၄၃)

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ဗျာဒိတ် ၂၀:၁၂-၁၅၊ ဗျာဒိတ် ၂၁:၂၂၊ ၁သက် ၄:၁၃-၁၈၊ ယော ၁၄:၁-၃၊ ဖိ ၃:၂၀၊ မဿဲ ၂၅:၃၁-၄၆၊ မာကု ၉:၄၇-၄၈၊ မဿဲ ၁၃:၄၇-၅၀၊ ဟေဗြဲ ၉:၂၇ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ရိုးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** လူသားအားလုံးသေပြီးနောက် ဘုရားသခင်၏တရားစီရင်ခြင်းကိုခံရမည် ကောင်းကင်နိုင်ငံတော်သည် ဝမ်းမြောက်ခြင်းစုံလင်သောနေရာဖြစ်ပြီး၊ ငရဲသည် ဝမ်းနည်းခြင်းနှင့် နာကျင်ခြင်းများနှင့် ပြည့်နှက်သောနေရာဖြစ်သည်။

# ယေရှုခရစ်တော်

အကယ်စင်စစ် ဘုရားဖြစ်တော်မူ၍ လူသားစင်စစ်လည်းဖြစ်သည်

သင်ခန်းစာ
၁ - ၈

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ဘုရားသခင်နှင့် လူအကြားတွင်ရှိသော ပျက်စီးသွားသော ဆက်ဆံရေးကိုပြန်လည်ရယူဖို့ရန် နည်းလမ်းတစ်ခုကို ဘုရားသခင် ပြင်ဆင်တော်မူခဲ့ပါသည်။ ကာလအချိန်တန်သောအခါ ဘုရားသခင်သည် လူနှင့် မိမိကြားဆက်ဆံရေး ပြန်လည်သင့်မြတ်ဖို့ရာ သားတော် ယေရှုခရစ်တော်ကို စေလွှတ်ခဲ့ပါသည်။

**အဓိကကျမ်းပိုဒ် -** ထိုကြောင့်၊ ထာဝရဘုရားသည် ကိုယ်တော်တိုင် နိမိတ်လက္ခဏာကို သင်တို့အားပေးတော်မူမည်။ ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍၊ သားယောကျ်ားကို ဖွားမြင်လတ္တံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရလတ္တံ့။ ( ဟေရှာယအနာဂတ္တိကျမ်း၊ ၇:၁၄ )

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

သမ္မာကျမ်းစာက ဖော်ပြသည်မှာ အာဗြဟံမှဆင်းသက်သော ဒါဝိဒ်မင်း၏ အမျိုးအနွယ်မှ ယေရှုခရစ်သည် ဆင်းသက်လာခဲ့သည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၁၈ ယေရှုခရစ်သည် ဖွားမြင်ခြင်းကိုခံတော်မူသော အကြောင်းအရာဟူမူကား၊ မယ်တော်မာရိသည် ယောသပ်နှင့် ထိမ်းမြားဆောင်နှင်း၍ မယှက်
တင်မီတွင် သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ပဋိသန္ဓေစွဲနေ၏။ ၁၉ သူ၏ခင်ပွန်းယောသပ်သည် သူတော်ကောင်းဖြစ်၍၊ မာရိအသရေကို
မပျက်စေချင်သောကြောင့် တိတ်ဆိတ်စွာစွန့်ပယ်မည်ဟု အကြံရှိ၏။ ၂၀ ထိုသို့ ကြံစည်၍ နေစဉ်တွင် အိမ်မက်ကို မြင်ရသည်မှာ၊ ထာဝရဘုရား
၏ကောင်းကင်တမန်သည် ထင်ရှား၍၊ ဒါဝိဒ်အမျိုးယောသပ်၊ သင်၏ခင်ပွန်းမာရိကို ထိန်းသိမ်းရမည်အခွင့်ကို မစိုးရိမ်နှင့်။ ဤပဋိသန္ဓေသည်
သန့်ရှင်းသောဝိညာဉ်ကြောင့်ဖြစ်၏။ ၂၁ သားယောကျ်ားကို ဖွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကိုအပြစ်မှ ကယ်ချွတ်မည်သူ ဖြစ်သော
ကြောင့်၊ ယေရှုဟူသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏။ ၂၂ ထိုအကြောင်းအရာမူကား၊ ထာဝရဘုရားသည် ပရောဖက်ဖြင့်
ထားတော်မူသော ဗျာဒိတ်တော် ပြည့်စုံမည်အကြောင်းအတည်း။ ၂၃ ဗျာဒိတ်တော်အချက်ဟူမူကား ကြည့်ရှုလော့။ သတို့သမီးကညာသည်
ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကို ဖွားမြင်လတ္တံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရကြလတ္တံ့ဟု လာသတည်း။ ဧမာနွေလအနက်ကား
ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်ဟု ဆိုလိုသတည်း။ ၂၄ ယောသပ်သည် အိပ်ပျော်ရာမှနိုးလျှင်၊ ထာဝရဘုရား၏ ကောင်းကင်တမန်မှာ
ထားသည်အတိုင်းပြု၍ မိမိခင်ပွန်းကို ထိန်းသိမ်းလေ၏။ ၂၅ သို့သော်လည်း၊ သားဦးကို မဖွားမီတိုင်အောင် သံဝါသမပြုဘဲနေ၏။ ထိုသားကို
လည်း ယေရှုဟူသောအမည်ဖြင့် မှည့်လေ၏။ (ရှင်မဿဲခရစ်ဝင်။ ၁:၁၈-၂၅)

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( မဿဲ ၁၆:၁၃-၂၁၊ မဿဲ ၂၆:၆၃-၆၄၊ လုကာ ၁:၂၈-၃၅၊ ယောဟန် ၁:၁-၁၄၊ ဖိ ၂:၅-၁၁၊ ဟေရှာ ၇:၁၄၊ ကော ၂:၉ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး -** ယေရှုခရစ်သည် ဘုရားစင်စစ်ဖြစ်သကဲ့သို့ လူစင်စစ်ဖြစ်သည်။ ယေရှုခရစ်သည် ဘုရားသခင်နှင့် လူကြားတွင် ပျက်စီးသွားသော မိတ်သဟာယကို ပြန်လည်သင့်မြတ်ရန် ဆင်းကြွလာခဲ့သည်။

# လူအမျိုးမျိုးအတွက် ဘုရားသခင်၏ ပြန်လည်သင့်မြတ်ခြင်း အစီအစဉ်

အပြစ်အတွက် အပြစ်ဒဏ်ကိုခံယူပြီး မိတ်သဟာယကိုပြန်လည်ရယူခြင်း

သင်ခန်းစာ
၁ - ၉

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ဘုရားသခင်သည် လူသားတိုင်းကိုချစ်တော်မူ၏။ လူသည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ဆိုဖို့ရန်နှင့် ဘုရားသခင်ကို ချစ်ဖို့ရန် ဖန်ဆင်းခြင်းခံရသည်။ စာတန်သည် ဧဝနှင့်အာဒံအား ဘုရားသခင်ကို မနာခံအောင်ပြုလုပ်ခဲ့သည် ဘုရားသခင်အား မနာခံခြင်း သည် အပြစ်ပင်ဖြစ်သည်။ ဘုရားနှင့် လူကြား မိတ်သဟာယကိုပျက်စေသည့်အရာမှာ အပြစ်ပင်ဖြစ်ပါသည်။ ဘုရားနှင့်လူအကြားတွင်ရှိသော မိတ်သဟာယကို ပြန်ပေးမည်ဖြစ်ကြောင်း ဘုရားသခင်သည် လူကိုကတိတော်ပေးထားခဲ့ပါသည်။ နောင်တစ်ချိန်တွင် အာဒံမှဆင်းသက်သူတစ်ဦးသည် စာတန်၏ ခေါင်းကို ကြိတ်မည်ဖြစ်ကြောင်း ဘုရားသခင်သည် အာဒံကို ကတိတော်ပေးခဲ့ပါသည်။ အာဗြဟံ၏အမျိုးအနွယ်အားဖြင့် ကမ္ဘာပေါ်တွင်ရှိ သောလူမျိုးများတို့သည် ကောင်းကြီးခံစားရမည်ဖြစ်ကြောင်းကတိပေးခဲ့ပါသည်။ ယေရှုခရစ်တည်းဟူသော မိမိ၏သားတော်စွန့်လွှတ်ခြင်းအားဖြင့် ဘုရားသခင်သည် မိမိ၏ကတိတော်များကို ပြည့်စုံစေခဲ့ ပါသည်။

**အဓိကကျမ်းပိုဒ်** - ငါတို့သည် အကျိုးနည်းရှိစဉ်တွင် အချိန်တန်မှ ခရစ်တော်သည် မတရားသောသူတို့အတွက်ကြောင့် အသေခံတော်မူ၏။ ( ရောမဩဝါဒစာ။ ၅:၆ )

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသော သားတော်ကိုစေလွှတ်ခဲ့ပါသည်။ အမည်မှာ ယေရှုခရစ်ဖြစ်၍ အံ့ဘွယ်နိမိတ်လက္ခဏာဖြင့် မွေးဖွားခဲ့ပါသည်။ ခရစ်တော်သည် ဘုရားဇာတိအပြည့်အဝရှိ၍ လူ့ဇာတိအပြည့်အဝရှိပါသည်။ အသက်အရွယ်ရောက် သည့်တိုင် တစ်ကြိမ်မျှအပြစ်မလုပ်ခဲ့ဖူးပါ။ သူသည် များစွာသော နိမိတ်လက္ခဏာများကိုပြ၍ ပညာနှင့် ပြည့်ဝသောသမ္မာတရား ကိုလည်း သင်ပြပေးခဲ့သည်။ များစွာသောဘာသာရေးခေါင်းဆောင်များသည် ခရစ်တော်ကို မနှစ်မြို့၍ သတ်ဖို့ရန် ဆုံးဖြတ်ခဲ့ကြ ပါသည်။ ဘုရင်ကိုယ်တိုင်ယေရှုခရစ်အား စစ်ဆေး၍ အပြစ်မရှိကြောင်းဆုံးဖြတ်ခဲ့သည်။ လူအုပ်ကြီးကိုကျေနပ်စေဖို့ရန် ယေရှုခရစ်ကို ရိုက်ဖို့ရန်နှင့် ကားတိုင်တွင် သံရိုက်ဖို့ရန် ခွင့်ပြုခဲ့သည်။ ကားတိုင်သည် ကြီးစွာသော ဒုက္ခဝေဒနာအတွက် အသုံးပြုသည့် တန်ဆာပလာဖြစ်သည်။ ယေရှုခရစ်တော်၏ အရိုက်အနှက်ခံရခြင်းနှင့် အသေခံခြင်းတို့သည် ကျွန်ုပ်တို့၏ အပြစ်အတွက်ဖြစ် ကြောင်း ဘုရားသခင်မိန့်တော်မူခဲ့သည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၂၇ ထိုအခါ မြို့ဝန်မင်း၏ စစ်သူရဲတို့သည် ယေရှုကို အိမ်တော်ဦးသို့ ဆောင်သွား၍ စစ်သူရဲတစ်တပ်လုံးကို အထံတော်၌ စုရုံးစေပြီးမှ၊ ၂၈ အဝတ်
တော်ကို ချွတ်၍ နီသောဝတ်လုံကို ခြုံစေကြ၏။ ၂၉ ဆူးပင်နှင့် ရက်သောဦးရစ်ကို ခေါင်းတော်၌တင်ကြ၏။ ကျူတစ်လုံးကိုလည်း လက်ယာ
လက်တော်နှင့် ကိုင်စေပြီးလျှင် ရှေ့တော်မှာ ဒူးထောက်လျက် ယုဒရှင်ဘုရင်၊ ကိုယ်တော်သည် မင်္ဂလာရှိစေသတည်းဟူ၍ ကိုယ်တော်ကို ပြက်
ရယ်ပြုကြ၏။ ၃၀ ကိုယ်တော်ကို တံတွေးနှင့်ထွေးကြ၏။ ကျူလုံးကိုယူ၍ ခေါင်းတော်ကို ရိုက်ကြ၏။ ၃၁ ထိုသို့ ကိုယ်တော်ကို ပြက်ရယ်ပြုသည်
နောက်၊ မင်းဝတ်လုံကို ချွတ်၍ အဝတ်တော်ကို ဝတ်ပြန်စေပြီးလျှင် လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းငှာ ထုတ်သွားကြ၏။ ၃၂ သွားကြစဉ်တွင်
ရှိမုန်အမည်ရှိသော ကုရေနေပြည်သားတစ်ယောက်ကိုတွေ့လျှင်၊ အနိုင်ပြု၍ လက်ဝါးကပ်တိုင်တော်ကို ထမ်းစေကြ၏။ ၃၃ ဦးခေါင်းခွံအရပ်ဟု
ဆိုလိုသော ဂေါလဂေါသ အမည်တွင်သောအရပ်သို့ ရောက်ကြသော် ၃၄ ဆေးခါးနှင့် ရောသောပုံးရည်ကို ကိုယ်တော်အား သောက်စိမ့်သောငှာ
ပေးလျှင်၊မြည်းစမ်းတော်မူ၍ မသောက်ချင်ဘဲ နေလေ၏။ ၃၅ ကိုယ်တော်ကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားပြီးလျှင် အဝတ်တော်တို့ကို စာရေး
တံချ၍ ဝေဖန်ကြ၏။ ၃၆ ထိုအရပ်၌လည်း ထိုင်လျက် စောင့်နေကြ၏။ ၃၇ အပြစ်ဖော်ပြသော ကမ္ပည်းလိပ်စာချက်ဟူမူကား၊ ဤသူသည် ယုဒ
ရှင်ဘုရင် ယေရှုပေတည်းဟုရေး၍ ခေါင်းတော်ပေါ်မှာ တပ်သတည်း။ ၃၈ ထိုအခါ ကိုယ်တော်နှင့်တကွ ဓားပြနှစ်ယောက်တို့ကို လက်ယာတော်
ဘက်၌ တစ်ယောက် လက်ဝဲတော်ဘက်၌ တစ်ယောက် လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြ၏ ၄၅ မွန်းတည့်အချိန်မှစ၍ သုံးချက်တီးအချိန်တိုင်
အောင် မြေတစ်ပြင်လုံး၌ မှောင်မိုက်အတိ ဖြစ်လေ၏။ ၄၆ သုံးချက်တီးအချိန်၌ ယေရှုက၊ ဧလိ၊ ဧလိ လာမာရှာဗခသာနိဟု ကြီးသောအသံနှင့်
ကြွေးကြော်တော်မူ၏။ အနက်ကား၊ အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်းဟု ဆိုလိုသတည်း။
၄၇ ထိုအရပ်၌ ရပ်နေသောသူအချို့တို့သည် ကြားလျှင်၊ သူသည် ဧလိယကိုခေါ်သည်ဟု ဆိုကြ၏။ ၄၈ လူတစ်ယောက်သည် ချက်ချင်းပြေး၍
ရေမှိုတစ်ထွေးကို ပုံးရည်နှင့် ပြည့်စေပြီးလျှင်၊ ကျူလုံးဖျား၌တပ်၍ ကိုယ်တော်အား သောက်စိမ့်သောငှာ ပေးလေ၏။ ၄၉ ကြွင်းသောသူတို့က၊ ရှိ
စေတော့။ ဧလိယသည် သူ့ကို ကယ်တင်ခြင်းငှာ လာမည်မလာမည်ကို ကြည့်ကြကုန်အံ့ဟု ဆိုကြ၏။ ယေရှုသည် ကြီးသောအသံနှင့် တစ်ဖန်
ကြွေးကြော်ပြီးလျှင် အသက်တော်ကို လွှတ်တော်မူ၏။ ( ရှင်မဿဲခရစ်ဝင်။ ၂၇:၂၇-၃၈၊ ၄၅-၅၀ )

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ၁တိ ၁:၁၅၊ ၁ပေ ၂:၂၄၊ မာ ၁၀:၄၅၊ ဖေက် ၁:၇၊ ယော ၁:၂၉၊ ဟေရှာ ၅၃:၅-၆ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး** - ယေရှုခရစ် လက်ဝါးကားတိုင်ပေါ်တွင် အသေခံခြင်းသည် ဘုရားသခင်နှင့် လူအကြား အထူးမိတ်သဟာယဖြစ်စေခဲ့သည်။ ကျွန်ုပ်အပြစ်အတွက် အဖိုးအခအပြည့်အဝကို ယေရှုပေးဆပ်ခဲ့သည်။ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ အပြစ်အတွက် ပြည့်စုံသောယဇ်အဖြစ် တစ်ကြိမ်တည်း ပူဇော်ခဲ့သည်။ ကျွန်ုပ်တို့နေရာတွင် ယေရှုခရစ်တော်အစားထိုးခံယူခဲ့သည် ဤအထူးလက်ဆောင်ကို ရဖို့ကြိုးစားမရနိုင်ပါ။ ထိုက်လည်းမထိုက်တန်ပါ။ လူသားအားလုံးကို ဘုရားသခင်ချစ်သောကြောင့် လက်ဆောင်ပေးခဲ့ခြင်းဖြစ်သည်။ ယေရှုခရစ်တော်ကို ယုံကြည်လက်ခံသူတိုင်း ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခွင့်ရသည်။

# ယေရှုသည် သေခြင်းတရားကို အောင်မြင်ခဲ့သည်

သူ၏ရှင်ပြန်ထမြောက်ခြင်းသည် သူမည်သူဖြစ်ကြောင်း သက်သေပြခဲ့သည်

သင်ခန်းစာ

၁ - ၁၀

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ဤကမ္ဘာမြေပေါ်ရှိစဉ်တွင် ယေရှုသည် ကျွန်ုပ်တို့၏အပြစ်ကြောင့် အသေခံ၍ ရှင်ပြန်ထမြောက်မည်ဖြစ်ကြောင်းပြောခဲ့သည်။ ခရစ်တော်သည် လက်ဝါးကားတိုင်ပေါ်တွင် အသေခံပြီးနောက် ပြန်လည်အသက်ရှင်ခဲ့သည်။ သေခြင်းမှ ထမြောက်ခြင်းအားဖြင့် သူသည် ဘုရားစင်စစ်ဖြစ်ကြောင်း သက်သေပြခဲ့သည်။ မိန့်တော်မူသမျှတို့သည် အမှန်တကယ်ပင်ဖြစ်လာခဲ့သည်။

**အဓိကကျမ်းပိုဒ်** - ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း၊ သင်တို့အား ရှေ့ဦးစွာ အပ်ပေးသောအကြောင်းအရာဟူမူကား၊ ခရစ်တော်သည် ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့် အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။ ( ကောရိန္သုဩဝါဒစာပထမစောင် ၁၅:၃-၄ )

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ခရစ်တော်လက်ဝါးကားတိုင်ပေါ်တွင် သေပြီးနောက် ၎င်း၏မိတ်ဆွေအချို့သည် အလောင်းတော်ကိုယူပြီး ဂူသင်္ချိုင်းတစ်ခုတွင် မြှုပ်နှံခဲ့သည်။ ဂူ၏အပေါက်ဝတွင် ကြီးမားသောကျောက်ကြီးနှင့် ပိတ်ဖို့ရန် ဘုရင်မှမှာကြားပြီး အလောင်းတော်ကို ခိုးယူကြမည့်သူများကို ကာကွယ်ရန် စစ်သားများဖြင့် စောင့်ကြပ်စေသည်။ သေပြီးနောက် (၃)ရက်မြောက်နေ့တွင် အမျိုးသမီးနှစ်ဦးသည် ဂူသင်္ချိုင်းသို့လာရောက်သောအခါ သင်္ချိုင်းသည် ပွင့်လျက်ရှိပြီး ကောင်းကင်တမန်းတစ်ပါးသည် ကျောက်ပေါ်တွင် ထိုင်နေသည်ကို မြင်တွေ့ခဲ့ပါသည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၅ ကောင်းကင်တမန်ကလည်း၊ ကြောက်ရွံ့ခြင်း မရှိကြနှင့်။ လက်ဝါးကပ်တိုင်မှာသတ်သော ယေရှုကို သင်တို့ရှာကြသည်ကို ငါသိ၏။ ၆ ဤအရပ်၌မရှိ။ မိန့်တော်မူသည်အတိုင်း ထမြောက်တော်မူပြီ။ လာကြ၊ သခင်လျောင်းတော်မူရာအရပ်ကို ကြည့်ကြလော့။ ၇ အလျင်အမြန်ပြန်သွား၍ သေခြင်းမှ ထမြောက်တော်မူကြောင်းကို တပည့်တော်တို့အား ပြောကြလော့။ သင်တို့ရှေ့ဂါလိလဲပြည်သို့ ကြွတော်မူမည်။ ထိုပြည်၌ သင်တို့သည် ကိုယ်တော်ကို တွေ့မြင်ရကြလိမ့်မည်၊ ငါပြောပြီဟုထိုမိန်းမတို့အား ကောင်ကင်တမန်ဆို၏။ ၈ ထိုမိန်းမတို့သည်လည်း ကြောက်ရွံ့သဖြင့်လည်းကောင်း၊ အလွန်ဝမ်းမြောက်သဖြင့်လည်းကောင်း၊ သင်္ချိုင်းတော်မှ အလျင်အမြန်သွား၍ တပည့်တော်တို့အာ ထိုသတင်းစကားကို ကြားပြောခြင်းငှာ ပြေးကြ၏။ ( ရှင်မဿဲခရစ်ဝင် ၂၈:၅-၈ )

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ၁ကော ၁၅:၁၂-၂၂၊ ရောမ ၈:၃၃-၃၄၊ ရောမ ၁:၃-၄၊ တမန် ၂:၂၄၊ ၁ပေ ၁:၃ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး** - ယေရှုသည် သေခြင်းမှထမြောက်ခဲ့သည်။ သေခြင်းမှထမြောက်တော်မူသောအားဖြင့် သူသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း ကျွန်ုပ်တို့သိရသည်။ ယေရှုသည် ဘုရားဖြစ်သောကြောင့် သေခြင်းတရားသည် ခရစ်တော်ယေရှုကို မချုပ်ချယ်၊ မကန့်သတ်နိုင်ပါ။ သူသည် အပြစ်အတွက် စုံလင်သောယဇ်ပူဇော်ခြင်းဖြစ်သည်။ ယေရှုသည် ကောင်းမြတ်သောဆရာ (သို့) ပရောဖက်တစ်ပါးသာ မဟုတ်ဘဲ အခွင့်တန်ခိုးအာဏာ အားလုံးရှိသောသူဖြစ်ကြောင်း သက်သေပြခဲ့သည်။ ထို့ပြင်ယေရှုသည် ဤကမ္ဘာမြေကြီး၏ရှင်ဘုရင်ဖြစ်တော်မူ၏။

# ကယ်တင်ခြင်းခံရဖို့ရန် ကျွန်ုပ်ဘာလုပ်ဆောင်ရမလဲ

ယုံကြည်ပါ

**သင်ခန်းစာ**
**၁ - ၁၁**

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ယေရှုခရစ်တော်၏သေခြင်းမှထမြောက်တော်မူခြင်းအားဖြင့် လူတို့သည် ထာဝရအသက်ကိုရနိုင်လေသည်။ ယေရှုခရစ်သည် ဘုရားသခင်၏သားတော်ဖြစ်သည်ကို ယုံကြည်ဖို့ရန် လူတို့သည် ခေါ်ခြင်းခံရသည် မိမိတို့၏အပြစ်ကို နောင်တရပြီးဝန်ချတောင်းပန်ကာ ခရစ်တော်ကို ကယ်တင်ခြင်းနှင့်အရှင်သခင်အဖြစ်လက်ခံ ယုံကြည်ကိုးကွယ်ပါက အပြစ်ဒဏ်မှကယ်လွတ်ခြင်းခံရမည်ဖြစ်ပါသည်။ လူသားတိုင်းတွင် ဘုရားသခင်ကို ယုံကြည်၍ ကယ်တင်ခြင်းရရန်နှင့်ငြင်းပယ်ရန် ရွေးချယ်ခွင့်ရှိပါသည်။ ဘုရားသခင်၏အလိုတော်မှာ လူသားအားလုံး ကယ်တင်ခြင်းသို့ရောက်စေလိုသည်။

**အဓိကကျမ်းပိုဒ် -** အကြောင်းမူကား၊ ထိုသားတော်ကို ယုံကည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကိုရမည့်အကြောင်းတည်း။ ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။ (ယော ၃:၁၅-၁၆)

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှုသည် သေခြင်းမှ ထမြောက်သည့်နောက် တပည့်တော်တို့အား ကိုယ်ထင်ရှားပြသတော်မူ၏။ သို့သော် သောမတည်းဟူသော တပည့်တော်တစ်ယောက်သည် ထိုသူတို့၌မပါဝင်ခဲ့ပေ ခရစ်တော်အသေခံသည့်အချိန်မှစ၍ ယခုထိမတွေ့ရသေးပေ။ မြင်ရခြင်း၊ ခံစားထိတွေ့ခြင်းမရှိဘဲလျက် အမှန်တည်ရှိသည်ဟု ယုံခြင်းကို ယုံကြည်ခြင်းဟုခေါ်သည်။

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၂၄ ထိုသို့ ယေရှုသည်ကြွလာတော်မူသောအခါ တမန်တော်တစ်ကျိပ်နှစ်ပါးအဝင်၊ ဒိဒုဟုအမည်ရှိသော သောမသည် ထိုတပည့်တော်တို့နှင့်အတူ
မရှိ။ ၂၅ ထိုသူတို့ကလည်း၊ အကျွန်ုပ်တို့သည် သခင်ကိုမြင်ရကြပြီဟု သောမအားပြောဆိုကြလျှင်၊ သောမက၊ လက်တော်၌သံရိုက်ရာချက်ကို
မမြင်၊ သံရိုက်ရာချက်ကို လက်ညှိုးနှင့် မတို့မစမ်း၊ နံဘေးတော်ကိုလည်း လက်နှင့် မစမ်းမသပ်ရလျှင် အကျွန်ုပ်မယုံဟုဆို၏။ ၂၆ ထိုနောက် ရှစ်
ရက်မြောက်သောနေ့၌ တပည့်တော်တို့သည် တစ်ဖန်အထဲမှာရှိကြ၍ သောမလည်းပါ၏။ တံခါးများကို ပိတ်ထားစဉ်အခါ၊ ယေရှုသည် ကြွလာ၍
အလယ်မှာရပ်တော်မူလျက်၊ သင်တို့၌ငြိမ်သက်ခြင်းရှိစေသတည်းဟု မိန့်တော်မူ၏။ ၂၇ ထိုအခါ သောမအား၊ သင်၏လက်ညှိုးကိုဆန့်၍ ငါ့လက်
ကိုကြည့်လော့။ သင်၏လက်ကိုဆန့်၍ ငါ့နံဘေးကို စမ်းသပ်လော့။ ယုံမှားခြင်းမရှိနှင့်။ ယုံလော့ဟု မိန့်တော်မူ၏။ ၂၈ သောမကလည်း၊ အကျွန်ုပ်
၏အရှင်၊ အကျွန်ုပ်၏ ဘုရားသခင်ပါတကားဟု ပြန်၍ လျှောက်၏။ ၂၉ ယေရှုကလည်း၊ သင်သည် ငါ့ကိုမြင်သောကြောင့် ယုံခြင်းရှိ၏။ ငါ့ကို
မမြင်ဘဲ ယုံသောသူတို့သည် မင်္ဂလာရှိကြ၏ဟု မိန့်တော်မူ၏။ ၃၀ ဤကျမ်းစာ၌ ရေး၍မထားသော အခြားနိမိတ်လက္ခဏာအများတို့ကိုလည်း
ယေရှုသည် တပည့်တော်တို့မျက်မှောက်၌ ပြတော်မူ၏။ ၃၁ ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို
သင်တို့သည် ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အားဖြင့် အသက်ကိုရမည်အကြောင်း၊ ဤမျှလောက် ရေးထားလျက်ရှိသတည်း။

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( ဖေက် ၂:၈-၉၊ ဂလာတိ ၂:၂၀၊ ဂလာတိ ၃၊ တမန် ၁၀:၄၃၊ ဟေဗြဲ ၁၁၊ တမန် ၁၆:၂၅-၃၁၊ ရောမ ၆:၂၃ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး** - ကျွန်ုပ်တို့၏အပြစ်ဒဏ်များကို ခရစ်တော်ခံယူခဲ့သည်။ ဘုရားသခင်သည် ခရစ်တော်ကို သေခြင်းမှထမြောက်စေကြောင်းကို ယုံကြည်လျှင်ထာဝရအသက်ကိုရကြောင်း ကျမ်းစာတော်မြွတ်ကပြောပါသည်။ ယုံကြည်ခြင်းမရှိလျှင် ခရစ်ယာန်တစ်ယောက်မဖြစ်နိုင်ပါ။ ယုံကြည်ခြင်းဆိုသည်မှာ ခရစ်တော်ကို ကျွန်ုပ်တို့မမြင်ရသော်လည်း ၎င်းကိုအားကိုးခြင်း၊ ယုံကြည်ခြင်းတို့ဖြစ်သည်။ ယုံကြည်ခြင်းဆိုသည်မှာ ယေရှုသည် ကျွန်ုပ်တို့၏အပြစ်အတွက်အသေခံ၍ ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်ခြင်းဖြစ်သည်။

# ဘုရားသခင်၏မေတ္တာတော်အား ကျွန်ုပ်တို့မည်ကဲ့သို့တုံ့ပြန်မလဲ

နောင်တရပါ

သင်ခန်းစာ
၁ - ၁၂

---

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

နောင်တရခြင်းဆိုသည်မှာ နှလုံးသားနှင့်စိတ်ဓာတ်တို့ပြောင်းလဲခြင်းဖြစ်သည်။ နောင်တရသောအခါ ဘုရားသခင်အပေါ်တွင်လည်းကောင်း၊ စဉ်းစားခြင်းနှင့်လုပ်ဆောင်ခြင်းတို့သည် ကွဲပြားခြားနားသွားသည်။ နောင်တဆိုသည် ဘုရားသခင်သည် အပြစ်ကိုစက်ဆုပ်ရွံရှာသကဲ့သို့ ကျွန်ုပ်တို့လည်း အပြစ်ကိုမုန်းတီးခြင်းဖြစ်သည်။ မကောင်းသောအမူအကျင့်များပြောင်းလဲသွားခြင်းဖြစ်သည်။

**အဓိကကျမ်းပိုဒ် -** ဘုရားသခင်သည် မိုက်မဲသောအချိန်ကာလတို့ကို အမှုမထားဖူးသော်လည်း ယခုမှာ ကိုယ်အပြစ်ကိုမြင်၍ နောင်တရကြလော့ဟု ခပ်သိမ်းသော အရပ်တို့၌ရှိသောလူအပေါင်းတို့အား ပညတ်တော်မူ၏။ (တမန် ၁၇:၃၀)

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

## မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှုသည် ကြီးမြတ်သော ဆရာတစ်ပါးလည်းဖြစ်၍ များစွာသောတန်ခိုးနိမိတ်လက္ခဏာများကိုပြုလျက် လိုအပ်သော သူများကိုကျန်းမာစေလျက် လှည့်လည်သွားလာတော်မူ၏။ ယေရှုသွားသောနေရာတိုင်းတွင် ကြီးမားသော လူအုပ်ကြီးလည်းရှိစမြဲဖြစ်သည်

**သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -**

၁ ယေရှုသည် ယေရိခေါမြို့သို့ ဝင်၍ လျှောက်သွားတော်မူ၏။ ၂ ထိုအခါ ဇက္ခဲအမည်ရှိသော အခွန်ခေါင်းတစ်ယောက်ရှိ၏။ ထိုသူသည် ငွေရ
တတ်သောသူဖြစ်၏။ ၃ ယေရှုသည် အဘယ်သို့သောသူဖြစ်သည်ကို ထိုသူသည် ကြည့်လို၍၊ လူအစုအဝေးများသောကြောင့်၊ မိမိအရပ်လည်း
နိမ့်သည်ဖြစ်၍ မမြင်နိုင်။ ၄ ထိုကြောင့် ကြွတော်မူမည့်လမ်းတွင် ရှေ့သို့ပြေး၍ ကိုယ်တော်ကို မြင်အံ့သောငှာ သဖန်းပင်တစ်ပင်ကို တတ်လေ၏
၅ ထိုအရပ်သို့ ယေရှုသည် ရောက်တော်မူသောအခါ မျှော်ကြည့်၍ ထိုသူကို မြင်တော်မူလျှင်၊ ၆ ဇက္ခဲ၊ မြန်မြန်ဆင်းလော့။ သင်၏အိမ်၌ ယနေ့
ငါတည်းနေမည်ဟု မိန့်တော်မူ၏။ ဇက္ခဲသည် အလျင်အမြန်ဆင်း၍ ဝမ်းမြောက်သောစိတ်နှင့် ကိုယ်တော်ကို မိမိအိမ်၌ ဧည့်ခံလေ၏။ ၇ ထို
အကြောင်းကို လူအပေါင်းတို့သည်မြင်လျှင်၊ ဆိုးသောလူ၏အိမ်သို့ဝင်၍ လုပ်ကျွေးခြင်းကို ခံတော်မူပါသည်တကားဟု ကဲ့ရဲ့အပြစ်တင်ကြ၏။ ၈
ဇက္ခဲသည်လည်း ရပ်နေ၍၊ သခင်၊ အကျွန်ုပ်၏ဥစ္စာတစ်ဝက်ကို ဆင်းရဲသောသူတို့အား ပေးပါ၏။ တစ်စုံတစ်ယောက်သောသူ၏ ဥစ္စာအနည်းငယ်
ကို အကျွန်ုပ်ယူမိလျှင်၊ လေးဆပြန်၍ပေးပါ၏ဟု သခင်ဘုရားကို လျှောက်ဆို၏။ ၉ ယေရှုကလည်း၊ ဤသူသည် အာဗြဟံ၏သားဖြစ်သည်နှင့်
အလျောက်၊ ယနေ့ပင် ကယ်တင်တော်မူခြင်း ကျေးဇူးသည် ဤအိမ်အပေါ်မှာ သက်ရောက်လေ၏။ ၁၀ လူသားသည် ပျောက်သောသူတို့ကိုရှာ၍
ကယ်တင်အံ့သောငှာ ကြွလာသတည်းဟု ဇက္ခဲကို မိန့်တော်မူ၏။ (လုကာ ၁၉:၁-၁၀)

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေသြဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

( တမန် ၂:၃၁-၄၁၊ တမန် ၈:၂၂၊ ၂ကော ၁၂:၂၁၊ ဗျာဒိတ် ၉:၂၀-၂၁၊ တမန် ၃:၁၉-၂၀၊ လုကာ ၅:၃၂ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး** - ယေရှုခရစ်တော်ကိုယုံကြည်ခြင်းသည် ကျွန်ုပ်တို့အားနောင်တသို့သွေးဆောင်သည်။ ကျွန်ုပ်တို့နောင်တရသောအခါ ကျွန်ုပ်တို့၏နှလုံးသားနှင့်စိတ်များ ပြောင်းလဲသွားသည်။ ကျွန်ုပ်တို့၏နှလုံးသားနှင့်စိတ်များပြောင်းလဲသွားသောအခါ ကျွန်ုပ်တို့၏မကောင်းသောအမူအကျင့်များပြောင်းလဲသွားသည်။ ယေရှုခရစ်တော်ကို ယုံကြည်အားကိုးသောသူများသည် မိမိတို့ပတ်ဝန်းကျင်ရှိခရစ်တော်ကို မယုံကြည်သူများနှင့် ခြားနားစွာအသက်ရှင်သည်။

# ကျွန်ုပ်သည် ယေရှု၏မိတ်ဆွေဖြစ်သည်

ခရစ်တော်၏မိန့်တော်မူသမျှကို နာခံခြင်းအားဖြင့် သူ၏မေတ္တာ၌ကျွန်ုပ်တည်နေ၏

သင်ခန်းစာ
၁ - ၁၃

---

## သင်ခန်းစာခေါင်းစီး - မြေဆီလွှာကိုပြုပြင်ပေါင်းသင်ခြင်း

ခရစ်တော်၏နောက်လိုက်တစ်ယောက်အနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏မိတ်ဆွေများဖြစ်ကြသည်။ ဘုရားသခင်၏မိတ်ဆွေများသည် ဘုရားသခင်ကို အထူးနည်းလမ်းဖြင့် သိကျွမ်းကြသည်။ ဘုရားသခင်၏မိတ်ဆွေများသည် ဘုရားသခင်ကိုချစ်ကြပြီး အခြားသူများကိုလည်း ချစ်ကြသည်။ ဘုရားသခင်၏မိတ်ဆွေများသည် ဘုရားသခင်၏မိန့်တော်မူချက်များကို ယုံကြည်လျက်နာခံကြသည်။

**အဓိကကျမ်းပိုဒ် -** ငါ့သိုးတို့သည် ငါ့စကားသံကိုနားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏ (ယော ၁၀:၂၇)

## သမ္မာကျမ်းစာပုံဝတ္ထု- မျိုးစေ့ကြဲခြင်း

### မိတ်ဆက်ပေးခြင်းသည် ကျမ်းစာပုံဝတ္ထုကို နားလည်စေရန် သတင်းအချက်အလက်ပေးပါသည်။

ယေရှုသည် တပည့်တော်တို့အား မိန့်မှာလျက်ရှိသည်။ ယေရှုပြောသောအဖဆိုသည်မှာ ခမည်းတော်ဘုရားကိုဆိုလိုခြင်းဖြစ်သည်

### သမ္မာကျမ်းစာပုံဝတ္ထုသည် ဤနေရာမှ အစပြုပါသည် -

၈ ဖိလိပ္ပုကလည်း၊ သခင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါ။ ထိုသို့ပြတော်မူလျှင် အကျွန်ုပ်တို့ အလိုပြည့်စုံပါမည်ဟု လျှောက်လျှင်၊
၉ ယေရှုက၊ ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည် သင်တို့နှင့် အတူရှိပြီးမှ သင်သည် ငါ့ကိုမသိသေးသလော။ ငါ့ကိုမြင်သောသူသည်
ခမည်းတော်ကိုမြင်၏။ သို့ဖြစ်လျှင်၊ ခမည်းတော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည် အဘယ်သို့ဆိုရသနည်း။ ၉ ခမည်းတော်သည်
ငါ့ကိုချစ်တော်မူသကဲ့သို့ ငါသည်သင်တို့ကို ချစ်၏။ ငါ၏ချစ်ခြင်းမေတ္တာ၌တည်နေကြလော့။ ၁၀ ငါသည် ငါ့ခမည်းတော်၏ပညတ်တို့ကို
စောင့်ရှောက်၍ ခမည်းတော်၏မေတ္တာ၌ တည်နေသကဲ့သို့၊ သင်တို့သည် ငါ့ပညတ်တို့ကို စောင့်ရှောက်လျှင်၊ ငါ့မေတ္တာ၌ တည်နေကြလိမ့်မည်။
၁၁ သင်တို့၌ ငါဝမ်းမြောက်စရာအကြောင်း တည်စေခြင်းငှါလည်းကောင်း၊ သင်တို့ ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှာလည်းကောင်း၊
ဤစကားကို သင်တို့အားငါဟောပြော၏။ ၁၂ ငါ့ပညတ်ဟူမူကား၊ ငါသည် သင်တို့ကို ချစ်သည်နည်းတူ၊ သင်တို့သည် အချင်းချင်းချစ်ကြလော့။
၁၃ ကိုယ်အဆွေတို့အဖို့အလိုငှာ ကိုယ်အသက်ကို စွန့်ခြင်းမေတ္တာထက်သာ၍ မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ။ ၁၄ သင်တို့သည် ငါ
ပညတ်သမျှတို့ကို ကျင့်ဆောင်လျှင် ငါ၏အဆွေဖြစ်ကြ၏။ ၁၅ ယခုမှစ၍ ငါသည် သင်တို့ကို ကျွန်ဟူ၍မခေါ်။ ကျွန်မူကား ကိုယ်သခင်ပြုသော
အမှုကိုမသိ။ သင်တို့ကို အဆွေဟူ၍ငါခေါ်၏။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံ၌ ကြားသမျှသောအရာတို့ကို သင်တို့အား ငါပြသ၏။
(ရှင်ယောဟန်ခရစ်ဝင် ၁၄:၈-၉၊ ၁၅:၉-၁၅)

## ရှာဖွေလေ့လာခြင်းဖြစ်စဉ် - ရေလောင်းခြင်းနှင့် မြေဩဇာထည့်ခြင်း

## သင်ခန်းစာဖြည့်စွက်ကျမ်းပိုဒ် - အကိုင်းအခက်များကိုချိုင်ခြင်း

(ယောဟန် ၂:၁-၅၊ မဿဲ ၇:၁၆-၂၀၊ ၁ပေ ၁:၅-၈၊ ယောဟန် ၁၄:၁၅-၂၃၊ ၁ယော ၄:၇-၈၊ ယောဟန် ၁၄:၁၅၊ ကောလောသဲ ၁:၁၀ )

## လက်တွေ့မေးခွန်းများနှင့်နိဂုံးချုပ် - ခူးဆွတ်ရိတ်သိမ်းခြင်း - (၂တိ ၃:၁၆-၁၇)

**နိဂုံး** - ခရစ်တော်၏ နောက်လိုက်ဖြစ်သောကြောင့် ဘုရားသခင်၏မိတ်ဆွေများဖြစ်ကြသည်။ ဘုရားသခင်၏မိတ်ဆွေများအနေဖြင့် ဘုရား၏အသံတော်ကို ကြားရန်နှင့် နာခံရန် ခေါ်ထားခြင်းခံရသည်။ ဘုရားသခင်၏မိတ်ဆွေများအနေဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့ကို ချစ်တော်မူသည်နည်းတူ ကျွန်ုပ်တို့သည် အခြားသူများကို ချစ်ဖို့ ရန် ခေါ်ခြင်းခံရသည်။